## မြန်မာ့စီးပွားရေးစောင့်ကြည့် အစီရင်ခံစာ (Myanmar Economic Monitor) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ်

### အဓိကတွေ့ရှိချက်များ

မြန်မာနိုင်ငံ၏စီးပွားရေး လုပ်ငန်း ဆောင်ရွက်မှုများသည် ၂၀၁၆-၂၀၁၇ ကာလတွင်နှေးကွေးသွားခဲ့ရာ စီးပွားရေး တိုးတက်မှုနှုန်းသည် ယခင်နှစ်က ၇ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ အားပျော့လာသည်ဟု ခန့်မှန်းထားသည်။

- တာဝန်ယူပြီးပထမခြောက်လအတွင်း အစိုးရသည် မလွယ်ကူသည့် စီးပွားရေးနှင့် လုံခြုံရေး အခြေအနေတွင် သတိထားပြီးကိုင်တွယ်ဖြေရှင်းခဲ့သည်။ ဘဏ္ဍာငွေသတိထားသုံးစွဲမှုကို ထိန်းသိမ်းမည့် ခြေလှမ်းများချမှတ်ခဲ့ရာ ငွေကြေးဖောင်းပွမှုကိုလျှော့ချရာတွင်ကူညီခဲ့သည်။ အရေးကြီးသော အရာများဖြစ်ကြသည့် ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးဝန်းကျင်အနေအထား ပြုပြင်ပြောင်းလဲမှုတို့ကို ဆက်လက်ဆောင်ရွက်သည်။
- ယမန်နှစ်က ရေကြီးရေလျှံမှု ခံစားခဲ့ရသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍပြန်လည်ဦးမော့လာရေးတွင် ထိုကဏ္ဍ၌နဂိုကတည်းက ကာလ တာရှည်သဖွယ်ရှိလာခဲ့သည့် ထုတ်လုပ်မှုဆိုင်ရာအခက်အခဲများကြောင့် လည်း ထင်သလောက်ခရီးမပေါက်ဖြစ်ခဲ့ရသည်။ အစားအစာ စီမံပြုပြင်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး လောက အသက်ဝင်မှု၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုစသည့် စီးပွားရေးကဏ္ဍကြီးများမှ ထုတ်လုပ်မှု များ အရှိန်ကျဆင်းနှေးကွေးသွားခဲ့သည်။
- သဘာဝဓာတ်ငွေ့နှင့် စိုက်ပျိုးရေးကုန်စည်များကြောင့်ဖြစ်ရသည့် ပို့ကုန်ကျဆင်းမှု၊ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုထင်သလောက်ဖြစ်မလာမှုတို့က ပြင်ပမှလာသည့် ဖိအားများတိုးပွားစေခဲ့သည်။
- ပြင်ပမှ ရိုက်ခတ်မှုများနှင့် နိုင်ငံပိုင်လုပ်ငန်းများအရှုံးပေါ်မှုတိုးလာခြင်းတို့ကြောင့် တစ်စိတ်တစ်ပိုင်း ဖြစ်ရသည့် ဘဏ္ဍာငွေကျပ်တည်းမှုကြောင့် အများပြည်သူကဏ္ဍရင်းနှီးမြှုပ်နှံမှုတို့မှာ ထင်သလောက် တိုးပွားမလာသေးပေ။ ၂၀၁၅-၂၀၁၆ တွင် ပြည်သူ့ကဏ္ဍလိုငွေပြမှုမှာ ရှေ့တစ်နှစ်က ဂျီဒီပီ၏ ၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၃ ဒသမ ၂ ရာခိုင်နှုန်း သို့မြင့်တက်သွားသည်။ ၂၀၁၆-၂၀၁၇ တွင် ဂျီဒီပီ၏ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိရောက်အောင် ထပ်တက်ဦးမည်ဟု ခန့်မှန်းရသည်။ အစိုးရက အသုံးစရိတ်များ လျှော့ချဖြတ်တောက်သော်လည်း ကျန်းမာရေး၊ ပညာရေးကဲ့သို့သော အဓိကကဏ္ဍများအတွက် ဆက်လက်တိုးမြှင့်ထောက်ပံ့ရန်ကြိုးပမ်းခဲ့သည်။
- ၂၀၁၆ ခုနှစ် ပထမခြောက်လအတွင်း ငွေကြေးဖောင်းပွမှုအမြင့်မှာပင် ရှိနေခဲ့ရာ အများစုမှာ ဆိုင်ကလုန်း ကိုမင်နှင့်ဆက်စပ်သော ကုန်စည်ထောက်ပံ့မှုအခက်အခဲများကြောင့်ဖြစ်သည်။ ဒုတိယ ခြောက်လကာလတွင် ငွေကြေးဖောင်းပွမှု အနည်းငယ်ပြန်ကျသွားသော်လည်း လည့်ပတ်စီးဆင်း နေသော ငွေကြေးထဲသို့ ငွေကြေးတိုးပွားဝင်လာမှု မြင့်တက်နေပြီး ဝယ်လိုအားဖိအားနှင့် တကွ ငွေဖောင်းပွမှုတို့ကို အရှိန်မြှင့်ပေးနေဆဲဖြစ်ခဲ့သည်။

**စီးပွားရေးမှန်းမျှော်ချက်**

- လာမည့်သုံးနှစ်အတွင်း စီးပွားရေးတိုးတက်မှု တစ်နှစ်လျှင် ပျမ်းမျှ ၇ ဒသမ ၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းသည်။ အခြေခံအဆောက်အအုံဝန်ဆောင်မှုပိုင်း (ဥပမာ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေး) နှင့် ကုန်စည်မဟုတ်သော ကဏ္ဍများ (ဥပမာ အသေးစားထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း) တို့တွင် အစိုးရ နှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတို့အနေဖြင့် မက်ခရိုစီးပွားရေးဆက်လက်တည်ငြိမ်နေမှု၊ စနစ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မှု နှင့် အရေးပါသောဝန်ဆောင်မှုများ တိုးချဲ့မှုတို့ ကြောင့် တိုးတက်မည်ဟု ခန့်မှန်းရသည်။
- စုစုပေါင်းဝယ်လိုအား အထွေအထွေကျဆင်းမှု၊ ဗဟိုဘဏ်မှ အစိုးရ လိုငွေ ဖြည့်တင်းပေးမှု လျော့ချရန်ကြိုးပမ်းမှုတို့ကြောင့် ၂၀၁၅-၂၀၁၆ ကာလနှင့်နှိုင်းယှဉ်လျှင် ငွေကြေးဖောင်းပွမှုဖိအား ကျဆင်းမည်ဟု ခန့်မှန်းရသည်။ ၂၀၁၆-၂၀၁၇ ကာလတွင် ၈ ဒသမ ၉ ရာခိုင်နှုန်းသာပျမ်းမျှရှိနိုင်မည်
- သဘာဝဓာတ်ငွေ့တင်ပို့မှု နှေးကွေးသွားခြင်း၊ တရုတ်ဘက်မှ ဝယ်လိုအားနှေးကွေးသွားခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်ပါလာသော တင်သွင်းကုန်လိုအပ်ချက်စသည်တို့ အားလုံးပါဝင်သည့် အနေအထားကြောင့် ကာလလတ်တစ်ခုအတွင်း စာရင်းရှင်လို ငွေဆက်လက်များပြားနေမည်ဟု ခန့်မှန်း ရသည်။ သို့သော်လည်း အားလုံးသော ငွေပေးငွေယူရှင်းတမ်းများအတွက် တည်ငြိမ်သည့် ရင်းမြစ်အဖြစ် အားကောင်းသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကသာ ဆက်လက်ရှိနေနိုင်ဦးမည် ဖြစ်ပြီး လိုငွေများမှာ ၂၀၁၆-၂၀၁၇ ကာလတွင် အတန်အသင့်သာ ရှိနိုင်မည် ဖြစ်သည်။
- မေခရိုစီးပွားရေးဆိုင်ရာ ဘေးအန္တရာယ်များထဲတွင်
    - သဘာဝဓာတ်ငွေ့ဈေးများ ဆက်လက်ကျဆင်းနေ နိုင်ခြင်းကြောင့် ဘဏ္ဍာရေးနှင့်ပြင်ပဟန်ချက်မညီမျှမှုများ မြင့်တက်လာနိုင်ခြင်းနှင့် ငွေကြေးထောက်ပံ့မှု ဆိုင်ရာဖိအားများကို ပိုမိုတိုးပွားလာနိုင်ခြင်း၊
    - မြန်မာနိုင်ငံ၏ စုစုပေါင်းထုတ်လုပ်နိုင်မှု အခြေခံ နည်းပါးနေသေးခြင်း၊ ယှဉ်ပြိုင်မှုများနှင့် တိုးမြှင့်ရင်ဆိုင်လာရခြင်း၊ ပင်မကုန်စည်များအပေါ် အဓိကမှီခိုအားထားနေရသေးခြင်း၊
    - သဘာဝဘေးအန္တရာယ်များဝန်းရံနေခြင်းတို့က ပုံမှန်တိုးတက်မှု အတွက် အဟန့်အတားများဖြစ်နိုင်ခြင်း၊
    - မူဝါဒချမှတ်အကောင်အထည်ဖော်မှုပိုင်းတွင် ရှင်းလင်းမှု မရှိခြင်း၊ သို့မဟုတ် နှောင့်နှေးကြန့်ကြာခြင်းတို့ကြောင့် စီးပွားရေးကျဆင်းမှုကို ရှည်ကြာသွားစေနိုင်ခြင်း၊
    - ပိုမို၍စိန်ခေါ်မှုများသောပြင်ပဝန်းကျင်အနေအထားကြောင့် ပို့ကုန်ဈေးကွက်အသစ်များကို အသုံးချနိုင်ရေးတွင် ခက်ခဲသွားခြင်းတို့ ဖြစ်ကြသည်။

WORLD BANK GROUP

**ဦးစားပေး ဆောင်ရွက်သွားရမည့် စီးပွားရေး မူဝါဒများ**

- အစိုးရသစ်အနေဖြင့် စီးပွားရေးမူဝါဒများအား ပြည်သူများ ယုံကြည်မှု ရရှိနိုင်ရန်အတွက် ရှင်းလင်းလွယ်ကူစွာ အသိပေး ဆက်သွယ်ရန် ဆိုသည်မှာ အဓိက အရေးကြီးသည့် အချက်ဖြစ်သည်။ ဆောင်ရွက်သင့်သည့် အရာတစ်ခုမှာ စီးပွားရေး ပန်းတိုင်တစ်ခုကို ချမှတ်ရန်ဖြစ်ပြီး စီးပွားရေး မျှော်မှန်းချက်များ အခြေခိုင်အောင်နှင့် ရင်းနှီးမြှုပ်နှံသူတို့၏ယုံကြည်မှု တည်တံ့ခိုင်မြဲအောင် ကာလတိုစီးပွားရေးမူဝါဒများနှင့်အခြေအနေများကို ပုံမှန်ရှင်းလင်းတင်ပြခြင်းနည်းဖြစ်သည်။
- အစိုးရ၏ ကာလလတ်ဘဏ္ဍာရေးမူဘောင်က လာမည့်နှစ်များအတွက် ဘတ်ဂျက်ကိုတွက်ချက်စိစစ် သုံးစွဲခြင်းနှင့် အများပြည်သူဝန်ဆောင်မှုများ တိုးချဲ့ရန်လိုအပ်ချက်တို့အကြား ဟန်ချက်ထိန်းမည့် မဟာဗျူဟာတစ်ရပ်ကို ချမှတ်ရာတွင်ကူညီမည်ဖြစ်သည်။
- ပိုမိုစည်းစနစ်ကောင်းသော အရအသုံးလုပ်ထုံးလုပ်နည်းများနှင့် အစိုးရငွေချေးသက်သေခံလက်မှတ် ဈေးကွက်များ တိုးချဲ့ရာဖွေခြင်းအားဖြင့် ငွေကြေးမူဝါဒအပေါ် ဖိအားများကို လျှော့ချနိုင်မည်ဖြစ်သည်။
- ငွေကြေး မူဝါဒ စွမ်းဆောင်ရည်များ တည်ဆောက်လာနိုင်သည်နှင့် အမျှ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ မူဝါဒများသည် ငွေကြေးဖောင်းပွမှုကို စီမံရာတါင်လည်းကောင်း၊ ငွေရေးကြေးရေး ကဏ္ဍတွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို လျှော့ချရာတွင် လည်းကောင်း အဓိက အခန်းကဏ္ဍမှ ပိုမို ပါဝင်သင့်သည်။
- ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေကို အကောင်အထည်ဖော်မှုသည် ငွေရေးကြေးရေး ကဏ္ဍတည်ငြိမ်မှုအတွက် အရေးကြီးသည့် ခြေလှမ်းတစ်ခု ဖြစ်သည်။